MudraMinds - မုဒ္ရာမိုင်းစ်

MudraMinds

MudraMinds အကြောင်း

MudraMinds ဟူသောအမည်သည် မုဒြာ ဟူသည့် စကားလုံးမှ စိတ်ကူးရယူထားပြီး **အသိအမြင် (Awareness)၊ ရည်ရွယ်ချက် (Intention) နှင့် လက်တွေ့လုပ်ဆောင်မှု (Action)** တို့အကြား အဓိပ္ပာယ်ရှိသော ချိတ်ဆက်မှုကို ကိုယ်စားပြုပါသည်။



မိမိကိုယ်ကိုနှင့် မိမိပတ်ဝန်းကျင်ရှိ ကမ္ဘာကြီးကို ပိုမိုသတိပြုနားလည်လာခြင်းသည် မိမိအတွက်သာမက မိမိနေထိုင်ရာ လူမှုအသိုင်းအဝိုင်းအတွက်ပါ အကျိုးရှိစေမည့် ရွေးချယ်မှုများနှင့် လုပ်ဆောင်မှုများကို ပြုလုပ်နိုင်ရန် အထောက်အကူဖြစ်စေသည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

ဤအယူအဆကို အခြေခံ၍ MudraMinds သည် ပညာရပ်ဆိုင်ရာ အသိပညာများကိုသာမက **ဖန်တီးနိုင်စွမ်း၊ ဝေဖန်စဉ်းစားနိုင်စွမ်း၊ နားလည်စာနာတတ်မှု၊ စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်မှု၊ တစ်သက်တာသင်ယူမှုနှင့် အပြုသဘောဆောင်သော လူမှုဖွံ့ဖြိုးတိုးတက်မှု** တို့ကိုပါ ပံ့ပိုးပေးနိုင်မည့် အားလုံးပါဝင်နိုင်သော၊ ဘေးကင်းလုံခြုံသော၊ သင်ယူသူဗဟိုပြု ပညာရေးအရင်းအမြစ်များကို ဖန်တီးလျက်ရှိပါသည်။

ကျွန်ုပ်တို့၏ သင်ယူရေးအရင်းအမြစ်များကို ဘယ်လိုဖန်တီးထားသလဲ။

MudraMinds ၏ စာအုပ်များကို **အကြောင်းအရာအခြေပြု (Thematic) နှင့် ဘာသာရပ်များ ပေါင်းစပ်သင်ယူနိုင်သည့် (Interdisciplinary) ပုံစံ** ဖြင့် ဖန်တီးထားပြီး မတူညီသော သင်ယူမှု အကြောင်းအရာများအကြား ချိတ်ဆက်မှုကို နားလည်နိုင်စေရန် ရည်ရွယ်ပါသည်။



စာအုပ် Level များကို ကျောင်းအတန်း (Grade) နှင့် တိတိကျကျ ချိတ်ဆက်သတ်မှတ်ထားခြင်း မရှိပါ။ Series တစ်ခုချင်းစီတွင် မတူညီသော ဖွံ့ဖြိုးမှုအဆင့်ဆင့် ရှိသဖြင့် သင်ယူသူ၏ အသက်အရွယ်၊ စာတတ်မြောက်မှုအဆင့်၊ ရှိပြီးသားအသိပညာ၊ စိတ်ဝင်စားမှု၊ ဖွံ့ဖြိုးမှုအဆင့်နှင့် သင်ယူနေသည့် အခြေအနေ တို့ကို စဉ်းစားပြီး သင့်တော်သည့် Level ကို ရွေးချယ်နိုင်ပါသည်။



အဆင့်အလိုက် အကြံပြုအသက်အရွယ် အဆင့် (၅) ဆင့်ပါဝင်သော စာအုပ်စီးရီးများအတွက် အကြံပြုအသက်အရွယ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။



- အဆင့် (၁) – အသက် ၆–၇ နှစ်ခန့်
- အဆင့် (၂) – အသက် ၈–၉ နှစ်ခန့်
- အဆင့် (၃) – အသက် ၁၀–၁၁ နှစ်ခန့်
- အဆင့် (၄) – အသက် ၁၂–၁၅ နှစ်ခန့်
- အဆင့် (၅) – အသက် ၁၆ နှစ်နှင့်အထက်

ဖော်ပြထားသော အသက်အရွယ်များသည် ကန့်သတ်ချက်များမဟုတ်ဘဲ သင့်တော်သည့်အဆင့်ကို ရွေးချယ်ရာတွင် အထောက်အကူပြုသည့် လမ်းညွှန်ချက်များသာ ဖြစ်ပါသည်။

Level အဆင့်များပါဝင်သော စာအုပ်စီးရီးများတွင် **Spiral Learning Approach** ကို အသုံးပြုထားပြီး အရေးကြီးသော အယူအဆများကို သင်ယူသူ ကြီးပြင်းလာသည်နှင့်အမျှ ပိုမိုနက်ရှိုင်းပြီး ကျယ်ပြန့်လာအောင် ပြန်လည်လေ့လာစေပါသည်။

စာအုပ်များသည် **Self-directed Learning** ကိုလည်း အထောက်အကူပြုနိုင်ရန် ဖန်တီးထားသောကြောင့် ဖြည့်စွက်သင်ယူမှု၊ Homeschooling နှင့် သင်ယူရေးအရင်းအမြစ်များ လက်လှမ်းမမီရန် ခက်ခဲသည့် အခြေအနေများတွင်လည်း အသုံးပြုနိုင်ပါသည်။


ယနေ့တွင် MudraMinds စာအုပ်များကို အိမ်များ၊ ဘာသာရေးအခြေပြုကျောင်းများ၊ Alternative Schools များ၊ Non-formal Education Programs များ၊ Formal Schools များနှင့် လူထုအခြေပြု သင်ယူရေးနေရာများတွင် အသုံးပြုလျက်ရှိပါသည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလအထိ ရရှိနိုင်သော MudraMinds စာအုပ်များမှာ -

- ကြည်ပြာကောင်းကင် (Clear Blue Sky)
- အရောင်စုံသောကလေးများ (Colorful Children)
- စိမ်းစိုမျှတ လူမှုဘဝ (Green Synergy)
- သင်ယူလေ့လာ မြန်မာစာ (Learning Myanmar)
- စိတ်ဝင်စားစရာ သင်္ချာ (Math Concepts)
- လက်မှုပညာ (Craft Book)
- အနုပညာ (Drawing Guidebook)
- သင်ကြားခြင်းပညာ (Art of Teaching)
- ဆရာ/ဆရာမ လမ်းညွှန်စာအုပ်များ (Teachers' Guide Books)



၁။ ကြည်ပြာကောင်းကင် (Clear Blue Sky)



ကြည်ပြာကောင်းကင် သည် ကြည်လင်ကျယ်ပြန့်သော ကောင်းကင်ပြာ၏ ပုံရိပ်မှ စိတ်ကူးရယူထားပြီး တည်ငြိမ်အေးချမ်းမှု၊ ရှင်းလင်းမှု၊ ပစ္စုပ္ပန်အခိုက်အတန့်ကို သတိပြုနိုင်မှုနှင့် စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်မှုတို့ကို ကိုယ်စားပြုပါသည်။ မိုးတိမ်များလာပြီး ပြန်လည်ပျောက်ကွယ်သွားသကဲ့သို့ မိမိတို့၏ အတွေးများနှင့် စိတ်ခံစားချက်များသည်လည်း ပြောင်းလဲနေတတ်သည်ကို နားလည်သတိပြုနိုင်ရန် အားပေးပါသည်။

စာအုပ်စီးရီးတွင် **လူမှု-စိတ်ခံစားမှုဆိုင်ရာ သင်ယူမှု (Social-Emotional Learning)၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် ကောင်းမွန်မှု၊ ဘေးကင်းလုံခြုံမှု၊ Mindfulness နှင့် ကျန်းမာသော လူမှုဆက်ဆံရေး** ဆိုင်ရာ အယူအဆများကို ပေါင်းစပ်ထားပါသည်။



သင်ယူသူများသည် မိမိကိုယ်ကို သိရှိနားလည်ခြင်း၊ စိတ်ခံစားချက်များကို ကျန်းမာစွာ ကိုင်တွယ်ခြင်း၊ အပြုသဘောဆောင်စွာ စဉ်းစားခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှု၊ စိတ်ဖိစီးမှုကို ကိုင်တွယ်ခြင်း၊ မိမိကိုယ်ကို စောင့်ရှောက်ခြင်း၊ ကျန်းမာသော ဆက်ဆံရေးနှင့် ဘေးကင်းလုံခြုံစွာ နေထိုင်ခြင်းတို့ကို လေ့လာနိုင်ပါသည်။



ငယ်ရွယ်သော သင်ယူသူများအတွက် ရုပ်ပုံများ၊ ကစားနည်းများနှင့် လက်တွေ့လုပ်ဆောင်မှုများကို ပိုမို အသုံးပြုထားပြီး အသက်အရွယ်ကြီးလာသည်နှင့်အမျှ Identity၊ Peer Pressure၊ Relationships၊ Future Planning နှင့် နေ့စဉ်ဘဝဆိုင်ရာ စိန်ခေါ်မှုများကို ပိုမို နက်ရှိုင်းစွာ လေ့လာနိုင်ရန် ဖန်တီးထားပါသည်။

ပုံပြင်များ၊ ကစားနည်းများ၊ မန္တလာအနုပညာ၊ Reflection Activities၊ ဆွေးနွေးမှုများနှင့် ဖန်တီးမှုအခြေပြု လေ့ကျင့်ခန်းများသည် မတူညီသော စာတတ်မြောက်မှုအဆင့်ရှိ သင်ယူသူများ အတွက်ပါ အကြောင်းအရာများကို ပိုမိုလွယ်ကူစွာ နားလည်နိုင်ရန် ကူညီပေးပါသည်။


Clear Blue Sky သည် သင်ယူသူများ၏ **ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လူမှုဆက်ဆံရေးနှင့် ဘေးကင်း လုံခြုံမှု** တို့ကို ပံ့ပိုးပေးပြီး ကျန်းမာပျော်ရွှင်သော ဘဝနေထိုင်မှုအတွက် လိုအပ်သည့် အလေ့အကျင့်များနှင့် စွမ်းရည်များကို ဖွံ့ဖြိုးစေရန် ရည်ရွယ်ပါသည်။



၂။ အရောင်စုံသောကလေးများ (Colorful Children)

အရောင်စုံသောကလေးများ သည် မတူကွဲပြားသော လူများ၊ ယဉ်ကျေးမှုများ၊ ကိုယ်ပိုင်လက္ခဏာများ၊ သက်ရှိများနှင့် လူနေမှုပုံစံများ အတူတကွ တည်ရှိနေသည့် ကျွန်ုပ်တို့၏ အရောင်အသွေးစုံလင်သောကမ္ဘာကြီးမှ စိတ်ကူးရယူထားပါသည်။ မတူကွဲပြားမှုများသည် ကျွန်ုပ်တို့၏ကမ္ဘာကို ပိုမိုလှပစေသည့် အစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု ယုံကြည်ပါသည်။

စာအုပ်စီးရီးသည် **မိမိကိုယ်ကို သိရှိနားလည်ခြင်းမှ စတင်၍ အခြားသူများကို နားလည်ခြင်း၊ မိမိနေထိုင်ရာ လူမှုအသိုင်းအဝိုင်းကို စူးစမ်းလေ့လာခြင်းနှင့် ယင်းအသိုင်းအဝိုင်းအတွက် မည်သို့ အကျိုးပြုနိုင်မည်ကို စဉ်းစားတတ်လာခြင်း** အထိ သင်ယူသူများကို အဆင့်ဆင့် လမ်းညွှန်ပေးပါသည်။



အဓိက သင်ယူမှုအခန်းကြီး (၄) ခုမှာ -

၁။ မိမိကိုယ်ကို သိရှိခြင်း (Knowing Ourselves)

၂။ အခြားသူများကို သိရှိနားလည်ခြင်း (Understanding Others)

၃။ လူမှုအဖွဲ့အစည်းအား စူးစမ်းလေ့လာခြင်း (Exploring Our Society)

၄။ ပိုမိုကောင်းမွန်သော လူသားတစ်ဦးဖြစ်လာခြင်း (Becoming a Better Human)

ပုံပြင်များ၊ ဆွေးနွေးမှုများ၊ ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းများ၊ ဖန်တီးမှုအခြေပြု လေ့ကျင့်ခန်းများနှင့် လက်တွေ့ဘဝအခြေအနေများမှတစ်ဆင့် ကိုယ်ပိုင်လက္ခဏာ၊ စိတ်ခံစားချက်၊ နားလည်စာနာမှု (Empathy)၊ အခြားသူကိုရှုမြင်ပုံ၊ လူမှုဆက်ဆံရေး၊ တန်းတူညီမျှမှု (Equality)၊ မတူကွဲပြားမှု (Diversity)၊ ပူးပေါင်းပါဝင်မှုနှင့် တာဝန်ယူမှုတို့ကို လေ့လာနိုင်ပါသည်။




Colorful Children သည် ကြင်နာမှု၊ အားလုံးပါဝင်နိုင်မှုနှင့် မတူကွဲပြားမှုတို့ကို **သိရှိနားလည်ရုံသာမက နေ့စဉ်ဘဝတွင် လက်တွေ့ကျင့်သုံးပြီး ငြိမ်းချမ်းမှုနှင့် လေးစားမှုရှိသော လူမှုအသိုက်အဝန်းများ တည်ဆောက်ရာတွင် ပါဝင်တတ်လာစေရန်** အားပေးပါသည်။

၃။ စိမ်းစိုမျှတ လူမှုဘဝ (Green Synergy)

Green Synergy ဆိုတာ ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ အရာအားလုံးသည် တစ်ခုနှင့်တစ်ခု ဆက်စပ်ချိတ်ဆက်နေပြီး အစိတ်အပိုင်းတစ်ခု၏ ပြောင်းလဲမှုသည် အခြားအစိတ်အပိုင်းများအပေါ် သက်ရောက်မှု ရှိနိုင်သည်ဟူသော *Synergy* အယူအဆမှ စိတ်ကူးရယူထားပါသည်။

စာအုပ်စီးရီးတွင် **သိပ္ပံ (Science)၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာပညာရေး(Environmental Education)၊ ရေရှည်တည်တံ့ခိုင်မြဲသောပညာရေး(Education for Sustainability)၊ ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုနှင့် ကြံ့ကြံ့ခံနိုင်ရည် (Disaster Preparedness and Resilience)၊ ကျန်းမာမျှတသော လူနေမှုပုံစံ** တို့ကို ပေါင်းစပ်ထားပါသည်။





သင်ယူသူများသည် ဇီဝမျိုးစုံမျိုးကွဲများ၊ Ecosystems၊ အပင်နှင့် တိရစ္ဆာန်များ၊ ရာသီဥတု၊ သဘာဝအရင်းအမြစ်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်များ၊ ကျန်းမာသောလူနေမှုပုံစံ၊ လူသားတို့၏ လုပ်ဆောင်မှုများနှင့် သဘာဝပတ်ဝန်းကျင်အကြား ဆက်စပ်မှုတို့ကို လေ့လာနိုင်ပါသည်။

လေ့လာစောင့်ကြည့်ခြင်း၊ စမ်းသပ်ခြင်း၊ စာဖတ်ခြင်း၊ သုတေသနလုပ်ငန်းများလုပ်ခြင်း၊ စစ်တမ်းကောက်ယူခြင်း၊ လုပ်ငန်းအခြေပြုလေ့လာခြင်းနှင့် လက်တွေ့ပါဝင်လုပ်ဆောင်ခြင်း တို့မှတစ်ဆင့် သဘာဝပတ်ဝန်းကျင်ကို တာဝန်ယူတတ်မှုနှင့်အတူ သိပ္ပံဆိုင်ရာ စူးစမ်းလေ့လာနိုင်စွမ်းနှင့် Scientific Literacy ကိုလည်း တိုးတက်စေပါသည်။

သင်ယူမှုသည် မိမိနှင့်အနီးဆုံး အိမ်၊ ပတ်ဝန်းကျင်နှင့် သဘာဝကို စူးစမ်းလေ့လာခြင်းမှ စတင်ပြီး အဆင့်မြင့်လာသည်နှင့်အမျှ Ecosystems၊ Sustainability၊ Community Resilience နှင့် ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်စိန်ခေါ်မှုများအထိ ကျယ်ပြန့်လာပါသည်။

ဘေးအန္တရာယ်ဆိုင်ရာ သင်ယူမှုများကိုလည်းနက်ရှိုင်းစေပြီး **ကြိုတင်ကာကွယ်ခြင်းနှင့် ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် ဘေးကင်းပြီး ရေရှည်ဖြစ်သော ပြန်လည်တည်ဆောက်ခြင်း** တို့ကို နားလည်နိုင်ရန် ကူညီပေးပါသည်။



Green Synergy ကို **Science၊ Environmental Education** နှင့် **Education for Sustainability (E4S) Programs** များအတွက် ဖြည့်စွက်သင်ယူရေးအရင်းအမြစ်အဖြစ် အသုံးပြုနိုင်ပါသည်။



၄။ စိတ်ဝင်စားစရာ မြန်မာစာ (Learning Myanmar)

စိတ်ဝင်စားစရာ မြန်မာစာ သည် မြန်မာဘာသာစကားကို ကလေးများအတွက် ပိုမိုစိတ်ဝင်စားဖွယ်၊ စနစ်တကျနှင့် အပြန်အလှန်ပါဝင်မှုရှိစွာ သင်ယူနိုင်စေရန် စတင်ဖန်တီးခဲ့သော စာအုပ်စီးရီးဖြစ်ပါသည်။



စာအုပ်များမှတစ်ဆင့် မြန်မာဘာသာစကား၏ အခြေခံစွမ်းရည် (၄) မျိုးဖြစ်သော **နားထောင်ခြင်း၊ ပြောဆိုခြင်း၊ ဖတ်ရှုခြင်းနှင့် ရေးသားခြင်း** တို့ကို အဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ပံ့ပိုးပေးပါသည်။

အစောပိုင်းအဆင့်များတွင် ဗျည်း၊ သရ၊ ဝေါဟာရ၊ ပုံပြင်တိုများနှင့် အခြေခံစာဖတ်စာရေးမှ စတင်ပြီး နောက်ပိုင်းတွင် ဝါကျတည်ဆောက်ခြင်း၊ သဒ္ဒါ၊ ရှည်လျားသောစာပိုဒ်များ၊ စာစီစာကုံးရေးသားခြင်း၊ Diagram/Chart များ၊ အနှစ်ချုပ်ရေးသားခြင်း၊ အဘိဓာန်အသုံးပြုခြင်းနှင့် ဝေဖန်စဉ်းစားမှုတို့အထိ တဖြည်းဖြည်း တိုးချဲ့ထားပါသည်။



အလွတ်ကျက်မှတ်ခြင်းကိုသာ အခြေခံခြင်းမဟုတ်ဘဲ **ဖတ်ခြင်း၊ စဉ်းစားခြင်း၊ ဆက်သွယ်ပြောဆိုခြင်း၊ ဖန်တီးခြင်းနှင့် မိမိ၏အတွေးအမြင်များကို ဖော်ပြခြင်း** တို့ကို အားပေးထားပါသည်။

ထို့အပြင် မြန်မာဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားတတ်လာစေရန်နှင့် မြန်မာဘာသာစကားကို နေ့စဉ်ဘဝတွင် ယုံကြည်မှုရှိစွာ အသုံးပြုနိုင်ရန်လည်း ရည်ရွယ်ပါသည်။

၅။ ပျော်ရွှင်စရာ အခြေခံသင်္ချာ (Math Concepts)

ပျော်ရွှင်စရာအခြေခံသင်္ချာ ကို ကလေးများစွာ ကြုံတွေ့နေရသည့် မေးခွန်းတစ်ခုမှ စတင်ဖန်တီးခဲ့ပါသည် – **“ကလေးများစွာက သင်္ချာကို ဘာကြောင့် ကြောက်ကြသလဲ?”**



သင်ယူသူအချို့အတွက် သင်္ချာသည် ခက်ခဲခြင်း၊ ကြောက်စရာကောင်းခြင်း၊ လက်တွေ့ဘဝနှင့် မဆိုင်သကဲ့သို့ ခံစားရခြင်းတို့ကြောင့် “ငါက သင်္ချာမတော်ဘူး” ဟူသည့် အတွေးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

စိတ်ဝင်စားစရာသင်္ချာသည် ဤအမြင်များပြောင်းလဲကာ သင်္ချာကို **လက်တွေ့ကျကျ၊ နေ့စဉ်ဘဝနှင့် ချိတ်ဆက်၍ အပြန်အလှန်ပါဝင်နိုင်သော စိတ်ဝင်စားဖွယ်ပုံစံဖြင့်** သင်ယူနိုင်ရန် ဖန်တီးထားပါသည်။

သင်ယူသူများသည် Number Sense၊ အခြေခံတွက်ချက်မှုများ၊ Fractions၊ Decimals၊ Measurement၊ Patterns၊ Data Handling၊ Budgeting နှင့် အခြားသင်္ချာအယူအဆများကို ကစားနည်းများ၊ ပဟေဠိများ၊ ပုံများ၊ ပြဿနာဖြေရှင်းခြင်းနှင့် လက်တွေ့လုပ်ဆောင်ခြင်းမှ သင်ယူခြင်းလုပ်ငန်း စသည်တို့မှတစ်ဆင့် လေ့လာနိုင်ပါသည်။



အဓိကကဏ္ဍများမှာ -

- Algebra
- Geometry
- Statistics
- Consumer Mathematics

အဆင့်မြင့်လာသည်နှင့်အမျှ အခြေခံသင်္ချာနားလည်မှုမှ ခွဲခြမ်းစိတ်ဖြာနိုင်သော စဉ်းစားမှုနှင့် လက်တွေ့ဘဝအသုံးချမှုများဆီသို့ တဖြည်းဖြည်း တိုးတက်လာစေရန် ဖန်တီးထားပါသည်။

ရည်ရွယ်ချက်မှာ အဖြေမှန်ရရှိရန်သာမက **ယုတ္တိကျကျ စဉ်းစားတတ်လာရန်၊ ပြဿနာများကို ယုံကြည်မှုရှိစွာ ဖြေရှင်းနိုင်ရန်နှင့် သင်္ချာသည် မိမိတို့၏နေ့စဉ်ဘဝတွင် မည်သို့ပါဝင်နေသည်ကို သိမြင်လာရန်** ဖြစ်ပါသည်။

၆။ လက်မှုပညာ (Craft Book)

လက်မှုပညာစာအုပ် သည် ကလေးများနှင့် လူကြီးများအား အလွယ်တကူရရှိနိုင်သော ပစ္စည်းများကို အသုံးပြု၍ ပျော်ရွှင်စွာ လက်တွေ့ဖန်တီးနိုင်ရန် ရည်ရွယ်ထားပါသည်။
COVID-19 ကာလအတွင်း MudraMinds ၏ **Learning at Home Programme** မှ စတင်ဖန်တီးခဲ့ပြီး Origami၊ အခြေခံအပ်ချုပ်နည်းများ၊ အရုပ်ဖန်တီးမှု၊ စက္ကူလက်မှုပညာနှင့် အခြားဖန်တီးမှု အခြေပြု လှုပ်ရှားမှုများ ပါဝင်ပါသည်။

အဆင့်ဆင့် လမ်းညွှန်ထားသည့် လုပ်ဆောင်မှုများမှတစ်ဆင့် **လက်ချောင်းအသုံးပြုမှုစွမ်းရည် (Fine Motor Skills)၊ စိတ်ရှည်မှု၊ စိတ်ကူးဖန်တီးနိုင်စွမ်းနှင့် ပြဿနာဖြေရှင်းနိုင်စွမ်း**တို့ကို ဖွံ့ဖြိုးစေပါသည်။







အချို့လုပ်ဆောင်မှုများသည် မိမိဖန်တီးထားသည့်အရာနှင့် မိမိသင်ယူရရှိခဲ့သည့်အရာများကို ပြန်လည်စဉ်းစားနိုင်ရန်လည်း အားပေးပါသည်။
လက်မှုပညာလုပ်ဆောင်ခြင်းသည် အာရုံစိုက်ပြီး အေးချမ်းစွာ အချိန်ကုန်ဆုံးနိုင်သည့် ဖန်တီးမှုအတွေ့အကြုံတစ်ခုလည်း ဖြစ်သဖြင့် စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်မှုကို ပံ့ပိုးပေးနိုင်ပါသည်။

၇။ အနုပညာ (Drawing Guidebook)

အနုပညာစာအုပ် သည် ကလေးများအတွက် Drawing နှင့် Painting ကို အခြေခံမှစတင်၍ လွယ်ကူပျော်ရွှင်စွာ လေ့လာနိုင်ရန် ဖန်တီးထားသည့် Beginner-friendly လမ်းညွှန်စာအုပ်ဖြစ်ပါသည်။

MudraMinds ၏ **Learning at Home Programme** ကာလအတွင်း စေတနာ့ဝန်ထမ်းပန်းချီဆရာ/ဆရာမများ၏ ပံ့ပိုးမှုဖြင့် စတင်ဖန်တီးခဲ့ပြီး အခြေခံပုံဆွဲနည်းများမှ Color Theory၊ Painting၊ Observation၊ Creative Techniques နှင့် နေ့စဉ်သုံးပစ္စည်းများဖြင့် ပြုလုပ်နိုင်သည့် Art Projects များအထိ အဆင့်ဆင့် မိတ်ဆက်ပေးထားပါသည်။

ကလေးများအား “ပုံကောင်းကောင်းဆွဲနိုင်ဖို့” ကိုသာ အာရုံမစိုက်စေဘဲ **စမ်းသပ်ဖန်တီးခြင်းနှင့် မိမိစိတ်ကြိုက်ပုံဖော်ခြင်း** တို့ကို အားပေးထားပါသည်။



အနုပညာမှတစ်ဆင့် **လေ့လာသတိပြုနိုင်စွမ်း၊ စိတ်ကူးစိတ်သန်း၊ မိမိကိုယ်ကို ယုံကြည်မှု၊ Fine Motor Skills နှင့် မိမိ၏အတွေး အမြင်များကို ဖော်ပြနိုင်စွမ်း** တို့ကို ဖွံ့ဖြိုးစေနိုင်ပါသည်။



အေးချမ်းစွာ ဖန်တီးနိုင်သည့် လုပ်ဆောင်မှုများသည် ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်မှုကိုလည်း ပံ့ပိုးပေးပြီး စကားလုံးများဖြင့် ပြောရန်ခက်ခဲသော အတွေးနှင့် စိတ်ခံစားချက်များကို အနုပညာမှတစ်ဆင့် ဖော်ပြနိုင်သည့် နေရာတစ်ခု ဖြစ်စေပါသည်။



၈။ သင်ကြားခြင်းပညာ (Art of Teaching)

ကလေးများအတွက် Interactive Workbooks များစွာ ရှိသော်လည်း ဆရာ/ဆရာမများအတွက် **မိမိကိုယ်တိုင် ဖတ်ရှုလေ့လာခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ လက်တွေ့လေ့ကျင့်ခြင်း၊ မိမိကိုယ်ကို အကဲဖြတ်ပြီး မိမိ၏ Professional Learning ကို မှတ်တမ်းတင်နိုင်ခြင်းတို့အတွက် အရင်းအမြစ်များ** ရရှိရန် ပိုမိုခက်ခဲတတ်ပါသည်။



သင်ကြားခြင်းပညာ (Art of Teaching) ကို သင်ကြားရေး အခြေခံများ ခိုင်မာစေရန် လိုအပ်သည့်အတွက် စတင် သင်ကြားနေသော ဆရာ/ဆရာမများနှင့် ပညာရေးလုပ်ငန်းတွင် ပါဝင်သူများအတွက် လက်တွေ့အသုံးချနိုင်သော စာအုပ်တစ်အုပ်အဖြစ် ဖန်တီးထားပါသည်။




စာအုပ်တွင် မိမိကိုယ်ကို ဆရာ/ဆရာမတစ်ဦးအဖြစ် ပြန်လည်သုံးသပ်ခြင်း၊ ဆရာအတတ်ပညာဆိုင်ရာကျွမ်းကျင်ခြင်း၊ ကလေးများကို နားလည်ခြင်း၊ သင်ကြားသင်ယူမှုဆိုင်ရာ အခြေခံအယူအဆများသိရှိခြင်း၊ ဘေးကင်းလုံခြုံပြီး အားလုံးပါဝင်နိုင်သော သင်ယူရေး ပတ်ဝန်းကျင် ဖန်တီးခြင်း၊ သင်ကြားရေးဗျူဟာများ၊ Experiential Learning၊ Classroom Practice နှင့် Professional Reflection တို့ ပါဝင်ပါသည်။

ဆောင်းပါးတိုများ၊ လက်တွေ့ဥပမာများ၊ မိမိကိုယ်ကိုသုံးသပ် အကဲဖြတ်ခြင်း၊ Interactive Exercises နှင့် မိမိအတွေ့အကြုံများကို မှတ်တမ်းတင်နိုင်သည့် နေရာများ ပါဝင်ပါသည်။

ကိုယ်တိုင်လေ့လာသင်ယူရာတွင် လည်းကောင်း၊ သင်တန်းသုံး အထောက်အကူပြု အရင်းအမြစ်တစ်ခုအဖြစ်သော်လည်းကောင်း၊ လေ့လာမှုမှတ်တမ်း (Professional Learning Diary) အဖြစ် လည်းကောင်း အသုံးပြုနိုင်ပါသည်။

၉။ ဆရာ/ဆရာမ လမ်းညွှန်စာအုပ်များ (Teachers' Guide Books)

ဆရာ/ဆရာမ လမ်းညွှန်စာအုပ်များ သည် MudraMinds ၏ သက်ဆိုင်ရာ Workbook Series များကို ဆရာ/ဆရာမများ၊ အနီးကပ်ကူညီပေးသူများနှင့် မိဘများ နားလည် အသုံးပြုနိုင်ရန် ပံ့ပိုးပေးပါသည်။



Guide Book တစ်အုပ်စီတွင် သက်ဆိုင်ရာ Seriesဧ၏**အခြေခံအယူအဆများ၊ ဘာသာရပ်ဆိုင်ရာအသိပညာများ၊ သင်ယူသူများ၏ ဖွံ့ဖြိုးမှုနှင့် သင်ယူမှုလိုအပ်ချက်များ၊သင်ကြားနည်းများ၊ ပို့ချမှုလမ်းညွှန်ချက် နှင့်ဥပမာသင်ခန်းစာ**များ ပါဝင်ပါသည်။

ဥပမာအားဖြင့် **Green Synergy Teachers' Guide Book** သည် ကလေးများ အသက်ကြီးလာသည်နှင့်အမျှ သိပ္ပံ၊ သဘာဝ၊ ရေရှည် နှင့်သဘာဝဘေးအန္တရာယ်ကြုံတင်ပြင်ဆင်မှု တို့အပေါ် ဆရာ/ဆရာမများ နားလည်နိုင်ရန် ကူညီပေးပါသည်။ မည်သည့်အဆင့်တွင် မည်သည့် အကြောင်းအရာကို မိတ်ဆက်သင့်သည်၊ Inquiry၊ Discussion၊ Experimentation နှင့် Meaningful Action များအဖြစ် မည်သို့ဖော်ဆောင်နိုင်သည်ကိုလည်း လမ်းညွှန်ပေးပါသည်။

ထို့ကြောင့် Teachers' Guide Books များသည် **အဖြစာအုပ်များသာ မဟုတ်ပါ**။ စာအုပ်များ၏ နောက်ကွယ်ရှိ သင်ယူမှုအယူအဆကို နားလည်စေပြီး မတူညီသည့် သင်ယူသူများ၊ စာသင်ခန်းများနှင့် သင်ယူရေးအခြေအနေများအတွက် MudraMinds resources များကို အဓိပ္ပာယ်ရှိစွာ အသုံးပြုနိုင်ရန် ကူညီပေးပါသည်။



MudraMinds Catalogue များ

မြန်မာဘာသာ Catalogue

MudraMinds မြန်မာဘာသာ Catalogue ကို ကြည့်ရှုရန် QR Code ကို Scan ဖတ်ပါ။



English Catalogue

MudraMinds English Catalogue ကို ကြည့်ရှုရန် QR Code ကို Scan ဖတ်ပါ။





MudraMinds နှင့် ချိတ်ဆက်ပါ

MudraMinds Facebook Page

MudraMinds ၏ သင်ယူရေးအရင်းအမြစ်အသစ်များ၊ စာအုပ်သတင်းများ၊ လက်တွေ့သင်ယူမှု အကြံပြုချက်များ၊ သင်တန်းအခွင့်အလမ်းများ၊ ပွဲအစီအစဉ်များ၊ ရာသီအလိုက် အထူး အစီအစဉ်များနှင့် ကြေညာချက်များကို သိရှိနိုင်ရန် **MudraMinds Facebook Page** ကို Follow လုပ်ထားနိုင်ပါသည်။




မြန်မာစာ မြန်မာစကားကို စိတ်ဝင်စားဖွယ် သင်ယူနိုင်ဖို့အတွက်








သန်းခေါင်ရာဇဝတ်သုတတွေကိုသိရှိပြီး
သန်းကို မကြောက်ရွံ့ဖို့အတွက်





သင်ကြားရေးနှင့်ပက်သက်ပြီး
အခြေခံဗဟုသုတများသိရှိဖို့အတွက်



သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးပြီး တန်ဖိုးထားတတ်တဲ့ မျိုးဆက်တစ်ခု ဖြစ်လာစေဖို့အတွက်



ကျန်းမာပျော်ရွှင်ခြင်း အလေ့အကျင့်တွေကို လေ့ကျင့်ပျိုးထောင်ဖို့အတွက်



မတူကွဲပြားခြင်းသဘောတရားကိုနားလည်ပြီး ကိုယ့်ရပ်ရွာအဝန်းအဝိုင်းမှာ ပိုကောင်းတဲ့လူသားတွေပြုစုပျိုးထောင်ဖို့အတွက်





